သတင်းထုတ်ပြန်ချက်

FORTIFY RIGHTS

# အတုအယောင်ရွေးကောက်ပွဲ မတိုင်မီ သဘောထားကွဲလွဲမှုများကို နှိမ်နင်းရန် ရွေးကောက်ပွဲ ဥပဒေအသစ်ကို အသုံးပြုနေသည့် မြန်မာစစ်ကော်မရှင်

## မြန်မာစစ်အုပ်စုသည် မီဒီယာနှင့် ဝေဖန်သူများအပေါ် တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

(ဘန်ကောက်မြို့၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်) — မြန်မာစစ်ကော်မရှင်သည် အတုအယောင်ရွေးကောက်ပွဲ မတိုင်မီ ဝေဖန်သူများအား ဝေဖန်သံများ ထွက်မလာစေရန်နှင့် ခြိမ်းခြောက်ရန်အတွက် ၎င်း၏ "ရွေးကောက်ပွဲကာကွယ်ရေးဥပဒေ" အသစ်ကို အသုံးပြုနေကြောင်း Fortify Rights က ယနေ့တွင် ပြောကြားသည်။ စစ်ကော်မရှင်သည် ၎င်း၏ ရွေးကောက်ပွဲ ပထမနှစ်ပိုင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် ကျင်းပမည်ဟု ကြေညာခဲ့သည်။ စစ်ကော်မရှင်၏ "ရွေးကောက်ပွဲ" များသည် လွတ်လပ်မှုနှင့် တရားမျှတမှု ကင်းမဲ့နေသည့် အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်များ အပါအဝင် မြန်မာနိုင်ငံ၏ တရားဝင်ရွေးကောက်တင်မြှောက်ခံထားရသော ရွေးကောက်ခံနိုင်ငံရေးသမားများစွာအပြင် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များကိုပါ တရားမဝင် ဖမ်းဆီးထားဆဲဖြစ်ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ဒီမိုကရေစီ အရေး လှုပ်ရှားမှု အားလုံးနီးပါးကို နိုင်ငံအတွင်း တရားမဝင်ကြောင်း ကြေငြာထားသည်။

လွန်ခဲ့သည့် လအနည်းငယ်က စစ်ကော်မရှင်သည် ၎င်းတို့ ကြိုးကိုင်စီစဉ်ထားသော "ရွေးကောက်ပွဲ" ကို ဆန့်ကျင်သူ မည်သူ့ကိုမဆို ပစ်မှတ်ထားရန် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" ဟု အမည်တပ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ အမိန့်သစ်ကို အသုံးပြုခဲ့သည်။ အဆိုပါ ဥပဒေသည် "ရွေးကောက်ပွဲလုပ်ငန်းစဉ်" ကို အနှောင့်အယှက်ဖြစ်စေသည်ဟု အဓိပ္ပာယ်ဖွင့်နိုင်သည့် ဝေဖန်မှုများနှင့် မည်သည့်ဟောပြောမှု၊ စည်းရုံးမှု သို့မဟုတ် ဆန္ဒပြမှုကိုမဆို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။ ချိုးဖောက်မှုများအား ထောင်ဒဏ် ၂၀ နှစ် သို့မဟုတ် သေဒဏ်အထိ ပြစ်ဒဏ်များ ချမှတ်နိုင်သည်။

“စစ်အာဏာရှင်ဟာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို ထောက်ခံအားပေးသူတိုင်းကို နှုတ်ပိတ်ဖို့အတွက် သူတို့ရဲ့ အတုအယောင် ဥပဒေသစ်ကို လက်နက်လို အသုံးပြုနေပါတယ်” ဟု Fortify Rights မှ ဒါရိုက်တာ John Quinley က ပြောကြားခဲ့သည်။ ဆက်လက်၍ "မြန်မာစစ်ကော်မရှင်ဟာ သူတို့ကို ဝေဖန်ပြီး တရားဝင် အသိအမှတ်မပြုတဲ့ မီဒီယာတွေကို တရားစွဲဆိုပြီး သတင်းထောက်တွေ၊ တက်ကြွလှုပ်ရှားသူတွေနဲ့ သာမန်ပြည်သူတွေကို ဖမ်းဆီးဖို့အတွက် ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေသစ်ကို ဖိနှိပ်ရေးကိရိယာတခုအနေနဲ့ ပိုမို အသုံးပြုလာနေပါတယ်။ ဒီရွေးကောက်ပွဲတွေဟာ အာဏာရှင်ဆန်ဆန် လုပ်ဆောင်မှု တစ်ခုထက် မပိုပါဘူး။ မြန်မာနိုင်ငံရဲ့ ပြဿနာတွေကို ပိုပြီးပဲ ဆိုးရွားစေမှာပါ " ဟု ပြောကြားခဲ့သည်။

စစ်ကော်မရှင် လက်အောက်ခံ ပြန်ကြားရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၅ ခုနှစ် ဇူလိုင်လမှ နိုဝင်ဘာလဆန်းအတွင်း ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေသစ်ဖြင့် တရားစွဲဆိုထားမှု အနည်းဆုံး ၉၅ ခု ရှိခဲ့ကြောင်း သိရသည်။ စစ်အာဏာရှင်ကို ဝေဖန်သူများနှင့် မီဒီယာတခုကို ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေသစ်အရ တရားစွဲဆိုခဲ့သည့် သီးခြား ဖြစ်စဉ်နှစ်ခုကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် Fortify Rights မှ မှတ်တမ်းတင်ထားခဲ့သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မြန်မာစစ်ကော်မရှင်သည် ပြည်ပရောက် မြန်မာသတင်းထောက်များဖြင့် ဖွဲ့စည်းလုပ်ကိုင်နေသော မီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအခြေစိုက် လွတ်လပ်သော သတင်းထောက်များ ကူညီစောင့်ရှောက်ရေးအသင်း (AAMIJ) အား ရွေးကောက်ပွဲကာကွယ်ရေးဥပဒေကို ချိုးဖောက်မှုဖြင့် တရားစွဲဆိုခဲ့သည်။ အဆိုပါစွဲချက်များသည် နိုဝင်ဘာ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုတွင် ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းတစ်ဦး ပါဝင်ပတ်သက်နေကြောင်း စုံစမ်းထုတ်ဖော်သည့် သတင်းတစ်ရပ်ကြောင့် တရားစွဲဆိုခံရခြင်း ဖြစ်သည်။

“သူတို့ ပေးတဲ့ အကြောင်းပြချက်ကတော့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ မဲဆွယ်စည်းရုံးရေးကို တားဆီးခဲ့တယ်ဆိုပြီး စွဲခဲ့တာပေါ့။ စစ်တပ် က AAMIJ ကို ဘယ်လောက်ပဲ တရားစွဲဆိုသည်ဖြစ်စေ၊ ခြိမ်းခြောက်သည်ဖြစ်စေ ကျွန်တော်တို့ကတော့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ပြည်သူလူထု သိရှိအောင်လို့နဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

FORTIFY RIGHTS

နဲ့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိန်းသိမ်းဖို့အတွက် အမှန်တရားကို ဆက်လက်ဖော်ထုတ်ပြီးတော့ သတင်းတွေကို ရေးသားသွားဦးမှာ ဖြစ်ပါတယ်” ဟု AAMIJ ၏ သတင်းအယ်ဒီတာ မောင်စိမ်းမောင်က Fortify Rights သို့ ပြောကြားခဲ့သည်။

“စစ်တပ်က ကြေညာချက်ထုတ်ပြီးတော့ကျွန်တော်တို့ သတင်းထောက်တွေလည်း အိမ်တွေကနေ ပြေး၊ ပြည်တွင်းမှာပဲ လှည့်ပတ် ပုန်းအောင်းနေပြီးတော့ သတင်းရေးစရာရှိတာတွေ ဆက်ရေးနေကြတုန်းပဲ၊ အဲ့သည့် သတင်းထောက်တွေက စစ်တပ်ထိန်းချုပ်ထားတဲ့ နယ်မြေများတွေထဲမှာပဲ ရှိနေသေးတုန်းဆိုတော့ စစ်တပ် ဖမ်းဆီးတာကိုလည်း အချိန်မရွေး ခံရနိုင်တယ်” ဟု နောက်ထပ် AAMIJ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ AAMIJ ၏ မန်နေဂျင်း အယ်ဒီတာ ကိုနေမျိုးက Fortify Rights သို့ ပြောကြားခဲ့သည်။

ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေ မပြဋ္ဌာန်းမီကပင် နိုင်ငံတကာသတင်းအေဂျင်စီများနှင့် AAMIJ တို့တွင် သတင်းများပေးပို့နေသည့် သတင်းထောက်တစ်ဦးဖြစ်သူ မြတ်သူကျော်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ပြင်းထန်သည့် မြန်မာနိုင်ငံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထောင်ထဲတွင် ရှိနေဆဲဖြစ်သည်။ စစ်ကော်မရှင်အာဏာပိုင်များကို မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်မှုဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ AAMIJ ၏ အဆိုအရ ထောင်ထဲတွင် စစ်ကော်မရှင် အာဏာပိုင်များ၏ ဓါးဖြင့်ထိုးခြင်းနှင့် ရိုက်နှက်ခြင်းများ ခံခဲ့ရသည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ရှိ စစ်ကော်မရှင်လက်အောက်ခံ တရားရုံးတစ်ခုမှ လူပုဂ္ဂိုလ်သုံးဦးအား စစ်ကော်မရှင်၏ အတုအယောင်ရွေးကောက်ပွဲကို ဆန့်ကျင်မှုဖြင့် ထောင်ဒဏ် ၄၉ နှစ်နှင့် ၄၂ နှစ် အသီးသီး ချမှတ်ခဲ့သည့် အမှုအား Fortify Rights အနေဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ရန်ကုန်မြို့တွင် ရွေးကောက်ပွဲဆန့်ကျင်ရေး ပိုစတာများ ကပ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အဆိုပါပုဂ္ဂိုလ်များကို အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ထုတ် စစ်ကော်မရှင်၏ ကြေညာချက်၌ ဖော်ပြထားသည်။ ရွေးကောက်ပွဲဆန့်ကျင်ရေး ကြွေးကြော်သံများကို အနီရောင်နောက်ခံတွင် အဝါရောင်စာသားဖြင့် ရေးသားထားပြီး အနက်ရောင် မဲပုံးပေါ်တွင်

ကျည်ဆန်တစ်တောင့်ပါသည့် ပုံ ပါဝင်သည့် ပိုစတာများ ဖြစ်ကြောင်း စစ်ကော်မရှင်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမည်မဖော်လိုသော မိသားစုဝင်တစ်ဦးက Fortify Rights နှင့် စကားပြောဆိုရာတွင် အသက် ၂၅ နှစ်အရွယ် ရန်နိုင်ကြည်ဝင်းနှင့် အသက် ၂၃ နှစ်အရွယ် အောင်ရဲထွဋ်တို့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄၉ နှစ်စီ အသီးသီးချမှတ်ခဲ့ပြီး အသက် ၁၉ နှစ်အရွယ် မယမင်းသက်မှာ ထောင်ဒဏ် ၄၂ နှစ် ချမှတ်ခံခဲ့ရကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ အမျိုးသားများထံ သွားရောက်တွေ့ဆုံနိုင်ခဲ့သော မိသားစုဝင်တစ်ဦး၏ ပြောကြားချက်အရ ၎င်းတို့အား အခြားအကျဉ်းသားများနှင့် ရောနှောမထားပဲ "မော်ဒယ်ဆောင်” ဟုခေါ်သောနေရာတွင် သီးခြားထားရှိကြောင်း သိရသည်။

“သူတို့ကို ထောင်ထဲမှာ လူတွေရဲ့ မစင်တွေကို သယ်ခိုင်းတာပေါ့၊ ဒါက သူတို့ရဲ့ လူ့ဂုဏ်သိက္ခာကို ချိုးဖောက်တာပဲ” ဟု ဆွေမျိုးတစ်ဦးက Fortify Rights သို့ ပြောကြားခဲ့ပြီး မိသားစုဝင်မှ ထပ်လောင်းပြောကြားရာတွင် -

> “သူတို့က လူသတ်သမားတွေလည်း မဟုတ်ဘူး။ သူခိုး၊ ဓားပြတွေလည်း မဟုတ်ဘူး။ … သူတို့ကို အဲ့ဒီ စတစ်ကာတွေ ကပ်လို့ နိုင်ငံတော်ကို ဆန့်ကျင်ပါတယ်ဆိုပြီး စွပ်စွဲထားတယ်။ သူတို့က [ရွေးကောက်ပွဲ] ဥပဒေကို ချိုးဖောက်လို့ဆိုရင် လည်း ဥပဒေနည်းအရပဲ လူတွေရဲ့ အပြုအမူကို ပြုပြင်ပြောင်းလဲဖို့၊ သူတို့ကို ပညာပေးတာနဲ့ တိုးတက်အောင်လုပ်ဖို့ပဲ ဖြစ်သင့်တယ်။ ဒါပေမယ့် သူတို့ကို ဒီတိုင်း ထောင်ထဲကောက်ထည့်တာကတော့ တမင်မကျေနပ်လို့ကို အငြိုးအတေးနဲ့ လုပ်တာပဲ။”

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် မြန်မာစစ်ကော်မရှင်သည် ရုပ်ရှင်ဒါရိုက်တာ မိုက်တီး၊ သရုပ်ဆောင် ကျော်ဝင်းထွဋ်နှင့် ဟာသသရုပ်ဆောင် အုန်းဒိုင်း စသည့် အနုပညာရှင်သုံးဦးအား လာမည့်ရွေးကောက်ပွဲကို လူမှုကွန်ရက် ပို့စ်များမှတစ်ဆင့် ထိခိုက်စေသည်ဟု စွပ်စွဲကာ ဖမ်းဆီးကြောင်း ကြေညာခဲ့သည်။ စစ်ကော်မရှင် ထိန်းချုပ်ခံ မီဒီယာများမှလည်း အဆိုပါ

FORTIFY RIGHTS

ပုဂ္ဂိုလ်များသည် လာမည့် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ၎င်းတို့၏ အနုပညာ စွမ်းရည်ကို အသုံးချ၍ ပံ့ပိုးကူညီရန် "ပျက်ကွက်ခဲ့သည်" ဟု ဖော်ပြခဲ့ပြီး အတုအယောင်ရွေးကောက်ပွဲ အတွက် ပူးပေါင်းဆောင်ရွက်နေသော အနုပညာရှင်များကို "ဝေဖန်တိုက်ခိုက်ခဲ့သည်" ဟု ပြောကြားခဲ့ကာ အထွေထွေရွေးကောက်ပွဲအပေါ် လူထုယုံကြည်မှုကို ထိခိုက်စေရန် ရည်ရွယ်သည့် အကြောင်းအရာများကို ရေးသားဖြန့်ဝေခဲ့သည်ကိုလည်း တွေ့ရှိရသည်" ဟုလည်း ပြောကြားခဲ့သည်။

သတင်းများအရ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အနုပညာရှင်သုံးဦးအား ထောင်ဒဏ်ခုနစ်နှစ်စီ ချမှတ်ခဲ့သည်။ ရန်ကုန်ရှိ တရားရုံးများသည် စီရင်ချက်များအား သီးခြားရက်များ ခွဲကာ ထုတ်ပြန်ခဲ့သည်။ တောင်ဒဂုံမြို့နယ်တရားရုံးမှ နိုဝင်ဘာ ၂၅ ရက်တွင် အုန်းဒိုင်းအား ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ရန်ကင်းမြို့နယ်တရားရုံးမှ နိုဝင်ဘာ ၂၇ ရက်တွင် မိုက်တီး၊ ဗဟန်းမြို့နယ်တရားရုံးမှ နိုဝင်ဘာ ၂၈ ရက်တွင် ကျော်ဝင်းထွဋ်အား အသီးသီး ပြစ်ဒဏ်ချမှတ် ခဲ့သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၊ ကုလသမဂ္ဂ လူ့အခွင့်အရေးရုံး အစီရင်ခံစာတစ်စောင်တွင် ပြောကြားခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> ဇူလိုင်လ နှောင်းပိုင်းတွင် "ရွေးကောက်ပွဲကာကွယ်ရေးဥပဒေ" ဟု ခေါ်သော ဥပဒေကို တစ်ဖက်သတ်ပြဋ္ဌာန်းပြီးနောက်၊ စစ်ကော်မရှင်သည် ရွေးကောက်ပွဲကို ဝေဖန်သည့် လူမှုမီဒီယာပို့စ်များကို like လုပ်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများအပါအဝင် လုံခြုံရေးကို ထိပါးနှောင့်ယှက်သည် ဟူသော စွပ်စွဲချက်ဖြင့် လူ ၁၀၀ နီးပါးကို ၎င်းတို့ ပြဋ္ဌာန်းချက်များအောက်တွင် ဖမ်းဆီးခဲ့ကြောင်း ကြေငြာခဲ့ပြီး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ အကြီးတန်းပုဂ္ဂိုလ်များအပါအဝင် အခြားသူများစွာကိုလည်း တရားစွဲဆိုခဲ့သည်။ ထိုဥပဒေသည် အရပ်သားများအနေဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် မည်သည့် ထင်မြင်ချက်ကို မဆို ထုတ်ဖော်ပြသရန် ကြောက်ရွံ့စေရေးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်း ဖြစ်ကြောင်း ထင်ရှားလှသည်။

ထို့အပြင် လူမှုကွန်ရက်ပေါ်တွင် ရွေးကောက်ပွဲကို ဝေဖန်သူများ သို့မဟုတ် ရွေးကောက်ပွဲ ဆန့်ကျင်ရေးများ ဖြန့်ဝေသူတစ်ဦးတယောက်ချင်းစီ အပါအဝင် "လူအမြောက်အမြား" အား ရွေးကောက်ပွဲ

ကာကွယ်ရေးဥပဒေသစ်အရ ဖမ်းဆီးထားသည့် သတင်းများရရှိထားကြောင်းကို မြန်မာနိုင်ငံအတွက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရားအဖွဲ့မှ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ရွေးကောက်ပွဲတွင် အတိုက်အခံပါတီများကို ပါဝင်ခွင့် မပြုခဲ့သည့် စစ်အာဏာရှင် ဦးစီးသည့် Global New Light of Myanmar တွင် ရွေးကောက်ပွဲကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်မှာ "ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းဆောင်တာများအား အနှောင့်အယှက်ပေးခံရခြင်း တို့မှ ကာကွယ်ရန်" ဖြစ်သည်ဟု ဖော်ပြထားသော်လည်း အမှန်တကယ်တွင်မူ စစ်အုပ်ချုပ်ရေးကို တရားဝင်ဖြစ်စေရန်နှင့် ခိုင်မာစေရန် ရည်ရွယ်ထားခြင်းသာ ဖြစ်သည်။

ယင်းဥပဒေသည် မဲဆန္ဒရှင်များ၏ ဘေးကင်းလုံခြုံသော အခြေအနေတွင် လွတ်လပ်စွာ မဲပေးပိုင်ခွင့် အား နှောင့်ယှက်ခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့ကို ကာကွယ်တားဆီးရန် အကျုံးဝင်ရမည်။ ထို့အပြင် မဲရုံများနှင့် မဲရုံများအတွင်းရှိ တာဝန်ကျဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဘေးကင်း လုံခြုံမှု အပြည့်ဖြင့် ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ပါသည် ဟူ၍လည်း ထပ်ဆောင်းဖော် ပြထားပါသည်။

ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေသစ်သည် "အဖျက်အမှောင့် လုပ်ရပ်" ဟု မသဲမကွဲ အမည်တပ်ထားသည့် သတ်မှတ်ချက် အောက်တွင် ငြိမ်းချမ်းစွာ ဝေဖန်ခြင်းမှသည် သတင်းပို့ခြင်း၊ ထင်မြင်ယူဆချက်များ ဖလှယ်ခြင်း၊ ဆန္ဒပြခြင်း၊ "ခြိမ်းခြောက်ခြင်း" အထိ အားလုံးအား ရာဇဝတ်မှု အဖြစ် သတ်မှတ်သည်။ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်၏ အပိုဒ် ၁၉ တွင်မူ အောက်ပါအတိုင်း ဖော်ပြထားသည်။

> လူတိုင်းသည် မည်သူ့ပယောဂ လွှမ်းမိုးမှုမှ မပါပဲ ထင်မြင်ယူဆချက်များကို ယုံကြည်ပိုင်ခွင့် ရှိသည်။ လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ပြသခွင့်ရှိပြီး ထိုသို့ ထုတ်ဖော်ပြသရာ တွင် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့် ရေးသား၍ ဖြစ်စေ၊ ပုံနှိပ်၍ ဖြစ်စေ၊ အနုပညာ ပုံစံဖြင့် ဖြစ်စေ၊ မိမိရွေးချယ်ထားသည့် အခြားမီဒီယာများမှတစ်ဆင့်ဖြစ်စေ သတင်းအချက်အလက်နှင့် အတွေးအခေါ် အမျိုးမျိုးကို လွတ်လပ်စွာ ရှာဖွေ ခွင့်၊ လက်ခံခွင့် နှင့် ဖြန့်ဝေခွင့်တို့ ပါရှိသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် စစ်ကောင်မရှင်သည် NLD ပါတီ ခေါင်းဆောင်ပိုင်းများ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရစေရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ဤဖိနှိပ်ကန့်သတ်ထားသော စည်းမျဉ်းသစ်များအောက်တွင် ပြန်လည်မှတ်ပုံတင်ရန် ငြင်းဆန်ခဲ့ကြသည့်အတွက် ၂၀၂၃ ခုနှစ်၊ မတ်လတွင် စစ်ကောင်မရှင် လက်အောက်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က NLD နှင့် အခြားသော နိုင်ငံရေးပါတီ ၃၉ ခုကို ဖျက်သိမ်းခဲ့သည်။

NLD ပါတီ၊ အာဏာသိမ်းမှုကြောင့် ဖယ်ရှားခံခဲ့ရသည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် ရပ်တည် အသိအမှတ် ပြုခံရသင့်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်း များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားလုံးက စစ်ကောင်မရှင်၏ အတုအယောင် ရွေးကောက်ပွဲ ကျင်းပမည့် အစီအစဉ်များကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။

Fortify Rights သည် ကရင်နီပြည်နယ်နှင့် ကရင်နီ-ရှမ်းပြည်နယ် နယ်စပ်တစ်လျှောက်ရှိ အရပ်သားများအပေါ် မြန်မာစစ်အစိုးရ၏ သေစေနိုင်လောက်သော လေကြောင်းတိုက်ခိုက်မှုများ ကို မှတ်တမ်းတင်ထားသည်။ အဆိုပါ တိုက်ခိုက်မှုများသည် စာသင်ကျောင်းများ၊ ဘုရားကျောင်းများ၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများ၏ စခန်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခဲ့ပြီး စစ်အာဏာရှင်၏ အတုအယောင်ရွေးကောက်ပွဲများ မတိုင်မီတွင် စစ်ဥပဒေများကို ရှင်းရှင်းလင်းလင်း ချိုးဖောက်ခဲ့ကြခြင်း ဖြစ်သည်။

ထို့အပြင် ၂၀၂၂ ခုနှစ်တွင် Fortify Rights နှင့် Yale ဥပဒေကျောင်းရှိ Schell Center for International Human Rights တို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အဖြစ် သတ်မှတ်နိုင်သည့် မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့တို့၏ အရပ်သားများကို သတ်ဖြတ်ခြင်း၊ ထောင်ချခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လက်စဖျောက်ပစ်ခြင်း၊ နေအိမ်မှ အတင်းအကြပ် ရွှေ့ပြောင်းစေခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းတို့ကို မှတ်တမ်းတင်ထားသည့် စာမျက်နှာ ၁၉၃ မျက်နှာပါ အစီရင်ခံစာ တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

စစ်ကော်မရှင် အနေဖြင့် နိုင်ငံအတွက် အရေးပါသည့် နိုင်ငံရေး ပါဝင်ပတ်သတ်မှုများအတွက် နေရာမပေးပဲ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော ယခင် အစိုးရအပါအဝင် အတိုက်အခံ ခေါင်းဆောင်များစွာအား ထောင်ချခြင်း နှင့် သတ်ဖြတ်ခြင်းများ ပြုလုပ်နေသည့်အပြင် ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသောကြောင့် ယုံကြည်စိတ်ချရသည့် မဲများ ဖြစ်မလာနိုင်ဟု Fortify Rights က ပြောကြားခဲ့သည်။

"မကောင်းမှုကို ဖော်ထုတ်တဲ့အတွက် ဝေဖန်သူတွေကို ရာဇဝတ်မှုနဲ့ အရေးယူတယ်ဆိုတာဟာ အာဏာရှင် အုပ်ချုပ်ရေးရဲ့ သိသာတဲ့ ပြယုဂ်ပါပဲ၊ ဒါက တရားဝင် ရွေးကောက်ပွဲ လုပ်ငန်းစဉ် ရဲ့ လုပ်ထုံးလုပ်နည်း မဟုတ်ပါဘူး" ဟု Johin Quinley က ပြောကြားခဲ့သည်။

"စစ်အာဏာရှင်အနေနဲ့ ပြည်သူလူထုအပေါ် စစ်ပွဲတွေ၊ နေရပ်စွန့်ခွာစေတာတွေ၊ ထောင်ချတာတွေ နှင့် ပြည်နှင်ဒဏ်ပေးတာတွေကို လုပ်ဆောင်ကျူးလွန်ခဲ့ပြီး လူအများအပြားကို မဲပေးခွင့် ဆုံးရှုံးစေခဲ့ပါတယ်။ ဒါကြောင့် အစိုးရတွေအနေနဲ့ စစ်ကော်မတီ နဲ့ ထိတွေ့ဆက်ဆံဖို့ ဒါမှမဟုတ် စစ်ကော်မတီကို တရားဝင် အသိအမှတ်ပြုဖို့ဆိုတာတွေထက် မြန်မာနိုင်ငံ ဒီမိုကရေစီအရေး လှုပ်ရှားမှုတွေ၊ ရဲစွမ်းသတ္တိရှိလှတဲ့ လူ့အခွင့်အရေး ကာကွယ်သူတွေနဲ့ နယ်စပ်ဖြတ်ကျော် အရပ်ဘက် အဖွဲ့အစည်းတွေအပေါ် ပံ့ပိုးကူညီတာတွေကို ပိုပြီး တိုးမြှင့် ပံ့ပိုးသင့်ပါတယ်" ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**ကိုစိုင်းအာကာ**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ (Human Rights Associate)
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+17 169 195 899 (**Signal)**
**Email** – Sar.Arkar@FortifyRights.org
**တွစ်တာ/X -** @Sai_Rights, @FortifyRights

**ဘစ်နီဒစ် ရော်ဂျာ (Benedict Rogers)**
အကြီးတန်း ညွှန်ကြားရေးမှူး (Senior Director)
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+44 782 332 9664 (Signal; WhatsApp)
**အီးမေးလ်** - Benedict.Rogers@FortifyRights.org
**တွစ်တာ/X** - @BenedictRogers, @FortifyRights

**John Quinley III**
Director
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 62 814 1130 (Signal, Whatsapp)
**အီးမေးလ်** - John.Quinley@FortifyRights.org
**တွစ်တာ/X** - @John_hq3, @FortifyRights